UMG LGL Dept.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၀၀ကျပ် ငွေနှစ်ရာကျပ် K 200

**Valvoline အမှတ်တံဆိပ် Lubricant (အင်ဂျင်ဝိုင်)များရောင်းချပေးရန်အတွက်**
**ယုံကြည်စွာအပ်နှံခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ်**
**စာချုပ်အမှတ်-DLD-PO-2025 / 06 / 006**

ရက်စွဲ ။ ။ ၂၀၂၅ ခုနှစ်၊ ၆ လ၊ ( ၉ )ရက်

ပထမတစ်ဖက် ။ ။ People Origin Co., Ltd. (ကိုယ်စား)
ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၁၉၄၇/ဘီ)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

12/6/25 ZMM

နှင့်

ဒုတိယတစ်ဖက် ။ ။ ဒေါ်စောမြနွယ်(၉/မနတ(နိုင်)၀၉၈၁၆၉)
“ဆန္ဒသုခ” (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးရောင်းဝယ်ရေး)
အမှတ်(၄၂)၊ (၁၁)လမ်း၊ (၅)ရပ်ကွက်၊ မြောင်းမြမြို့နယ်၊
ဧရာဝတီတိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၇၇၃၄၀၊ ၀၉-၄၂၈၅၇၆၁၁၈။

16.6.25

(အထက်အမည်ပါ (ပထမတစ်ဖက်) People Origin Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရတာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ၊ အကျိုးဝင်ကြောင်းနှင့် (ဒုတိယတစ်ဖက်) ဒေါ်စောမြနွယ်၊ “ဆန္ဒသုခ” (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးရောင်းဝယ်ရေး)ဟုဆိုရာ၌ ၎င်းကိုယ်တိုင်နှင့်တကွ ၎င်း၏အမွေစား၊ အမွေစားခံများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများပါ အကျိုးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ (ဒုတိယတစ်ဖက်) ဒေါ်စောမြနွယ်သည် “ဆန္ဒသုခ”(ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးရောင်းဝယ်ရေး)ကို လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရပြီး၊ (ဒုတိယတစ်ဖက်) ဒေါ်စောမြနွယ်သည် (ပထမတစ်ဖက်) People Origin Co., Ltd. မှ ရောင်းချသော Valvoline Lubricant (MCO-Motor Cycle Oil)များကို ကိုယ်စားလှယ်အဖြစ် မိမိထံ အပ်နှံရောင်းချစေလိုကြောင်း၊ အဆိုပါ Valvoline Lubricant မိမိထံသို့ ပေးပို့သည့်နေ့ရက်မှ (၃၀)ရက်အတွင်း အရောင်းတန်ဖိုးငွေများကို အပြေအကြေပေးချေပါမည်ဟု ယုံကြည်အောင် ပြောဆိုကမ်းလှမ်းလာသည်ကို (ပထမတစ်ဖက်) People Origin Co., Ltd. မှလည်း ယုံကြည်၍ (ဒုတိယတစ်ဖက်) ဒေါ်စောမြနွယ်၏ ကမ်းလှမ်းချက်ကို သဘောတူပါသည်။

၂။ People Origin Co., Ltd. သည် ဒေါ်စောမြနွယ်၏ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၄၂)တွင် Valvoline Lubricant များကို ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၃။ ဒေါ်စောမြနွယ်သည် People Origin Co., Ltd. ထံမှ Valvoline Lubricant များကို တစ်လလျှင် အနည်းဆုံးလီတာ (MCO) လီတာ(၃၀၀) ပုံမှန်ရောင်းချပေးမည်ဖြစ်ပါသည်။ လုပ်ငန်းကာလ(တစ်)နှစ်အတွင်း ဒေါ်စောမြနွယ်မှ နှစ်ဖက်သဘာတူထားသည့်စံချိန်အင်ဂျင်ဝိုင်(၃,၆၀၀)လီတာပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၂)ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

စာမျက်နှာ - ၂ - သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ကျပ် ငွေတစ်ရာကျပ် K 100



၄။ ဒေါ်စောမြနွယ်သည် People Origin Co., Ltd. ထံမှ မိမိမှာယူထားသော Valvoline Lubricant များကို မိမိထံ ရောက်ရှိသည့်နေ့တွင် အင်ဂျင်ဝိုင်တန်ဖိုးငွေများကို ကုမ္ပဏီသို့ ချက်ချင်းတစ်လုံးတစ်ခဲတည်း အပြည့်အဝအပြေအကြေပေးချေပြီးမှသာ နောက်ထပ်အင်ဂျင်ဝိုင်များကို မှာယူရောင်းချရန် နှစ်ဖက်သဘော တူညီကြပါသည်။

၅။ People Origin Co., Ltd. သည် ဒေါ်စောမြနွယ် မှာယူထားသော Valvoline Lubricant များကို ဒေါ်စောမြနွယ်၏ "ဆန္ဒသုခ" (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးရောင်းဝယ်ရေး)သို့ အရောက် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

၆။ အဆိုပါအင်ဂျင်ဝိုင်များကို ဒေါ်စောမြနွယ်မှ စစ်ဆေးလက်ခံရယူပြီးနောက် အဆိုပါ Valvoline Lubricant များကို ပျက်စီးယိုယွင်းခြင်းကြောင့်သော်လည်းကောင်း၊ မည်သည့်အကြောင်းပြချက်နှင့်မျှ အဆိုပါ အင်ဂျင်ဝိုင်များကို ပြန်၍လဲလှယ်ပေးရန် People Origin Co., Ltd. သို့ တောင်းဆိုမည်မဟုတ်ကြောင်း ဒေါ်စောမြနွယ်မှ ဝန်ခံကတိပြုပါသည်။

၇။ People Origin Co., Ltd. မှ ဒေါ်စောမြနွယ်၊ "ဆန္ဒသုခ" (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင်အမျိုးမျိုးရောင်းဝယ်ရေး)အတွက် မေတ္တာလက်ဆောင်အဖြစ် T-Shirt (20)Pcs ၊ S-Shirt (6)Pcs အား ပေးပါမည်။

၈။ ဒေါ်စောမြနွယ်သည် Valvoline Lubricant များကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် မြောင်းမြမြို့တွင်သာ ကုမ္ပဏီမှ သတ်မှတ်ထားသော ပူးတွဲစာရင်းတွင်ပါရှိသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေး မည်ဖြစ်ပါသည်။

အကယ်၍ ဒေါ်စောမြနွယ်မှ နှစ်ဖက်သဘောတူထားသည့် မြောင်းမြမြို့အပြင် အခြားမြို့များသို့ Valvoline Lubricant များကို ရောင်းချခဲ့ပါကဖြစ်ပေါ်လာသော People Origin Co., Ltd.၏ နစ်နာမှုအဝဝကို ဒေါ်စောမြနွယ်မှ တာဝန်ယူပေးလျော်ရမည်။

၉။ Valvoline Lubricant များ ရောင်းချခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မှန်ကန်မျှတမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရမည်။ အကယ်၍ ပြေလည်မှုမရရှိခဲ့ပါက တည်ဆဲ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန် နှစ်ဖက်သဘောတူကြပါသည်။

၁၀။ Valvoline Lubricant များကို ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူ သတ်မှတ်ကာလ ( ၉ - ၆ - ၂၀၂၅ )ရက်နေ့မှ ( ၈ - ၆ - ၂၀၂၆ )ရက်နေ့အထိ (တစ်)နှစ်တိတိ ဖြစ်ပါသည်။

၁၁။ အကယ်၍ (တစ်)နှစ်ပြည့်မြောက်ပြီးနောက်Valvoline Lubricantများကို ဆက်လက်ရောင်းချလိုပါက ဒေါ်စောမြနွယ်မှ People Origin Co., Ltd. သို့ စာချုပ်သက်တမ်းမပြည့်မီ (တစ်)လ ကြိုတင်၍ စာဖြင့် အကြောင်းကြားပေးရမည်။

ကုမ္ပဏီမှ သဘောတူညီမှုရှိပါက သီးခြား Valvoline Lubricant အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဖြစ်ပြီး၊ ကုမ္ပဏီမှ သဘောတူညီမှုမရှိပါက ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူ သတ်မှတ်ကာလပြည့်မြောက်သည့်နေ့တွင် စာရင်းဇယားနှင့် ငွေကြေးကိစ္စရပ်များ အပြီးအပြတ်ဖြေရှင်းပြီး မှသာ အရောင်းကိုယ်စားလှယ်အဖြစ်မှ ကုန်ဆုံးရပ်စဲပြီဖြစ်ကြောင်း သိရှိသဘောတူညီကြပါသည်။

စာမျက်နှာ - ၃ - သို့

16.6.25

12/6/25

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ ကျပ် ငွေတစ်ရာကျပ် K 100



၁၂။ အရောင်းကိုယ်စားလှယ်အဖြစ် သက်တမ်းကုန်ဆုံးသည့်နေ့တွင် ဒေါ်စောမြနွယ် ဝယ်ယူထားသော Valvoine Lubricant များ၏ စာရင်းကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီး၊ အဆိုပါစာရင်းတွင် ပါရှိသည့် Valvoine Lubricant တန်ဖိုးများကို (၃၀)ရက်အတွင်း ဒေါ်စောမြနွယ်၊ "ဆန္ဒသုခ" (ဆိုင်ကယ်အပိုပစ္စည်းနှင့် အင်ဂျင်ဝိုင် အမျိုးမျိုးရောင်းဝယ်ရေး)မှ ကုမ္ပဏီသို့ မပျက်မကွက် တစ်လုံးတစ်ခဲတည်း အပြေအကြေပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်။

အထက်ပါစကားရပ်များကို ပထမတစ်ဖက် People Origin Co., Ltd. နှင့် ဒုတိယတစ်ဖက် ဒေါ်စောမြနွယ်၊"ဆန္ဒသုခ"(ဆိုင်ကယ်အပိုပစ္စည်းနှင့်အင်ဂျင်ဝိုင်အမျိုးမျိုးရောင်းဝယ်ရေး)တို့သည် သေချာစွာ ဖတ်ရှု သိရှိနားလည်သဘောပေါက်ကြပြီး၊ မိမိတို့၏ လွတ်လပ်သောပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြ သဖြင့် အောက်ပါအသိသက်သေများတို့ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| ပထမတစ်ဖက် | ဒုတိယတစ်ဖက် |
|---|---|
| (signature) 12/6/25 ZMM | (signature) 16.6.25 |
| People Origin Co., Ltd. (ကိုယ်စား)<br>ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) | ဒေါ်စောမြနွယ်(၉/မနတ(နိုင်)၀၉၈၁၆၉)<br>"ဆန္ဒသုခ"(ဆိုင်ကယ်အပိုပစ္စည်းနှင့်<br>အင်ဂျင်ဝိုင်အမျိုးမျိုးရောင်းဝယ်ရေး) |

<u>**အသိသက်သေများ**</u>

| | | | |
|---|---|---|---|
| လက်မှတ် - | (signature) | လက်မှတ် - | (signature) |
| အမည် - | Pgae Sone Phyoe | အမည် - | အောင်ငြိမ်းဇင် |
| မှတ်ပုံတင် - | ၁၄/လပတ(နိုင်)၂၂၇၀၇၈ | မှတ်ပုံတင် - | ၁၄/မမန(နိုင်)၁၈၂၁၆၆ |
| နေရပ် - | ကိုးဆူဝင်းကိတ်၊ ပုသိမ်မြို့ | နေရပ် - | ၆၂(က)၊ တာဝတိံသာ(၂)လမ်း |
| - | | - | ပြောင်းမြို့၊ ကျောက်ကျိုင်းဘေးဘာကျီး |